# ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေးနည်းဥပဒေများ
## [ ပြင်ဆင် : 16.09.2013 ]

၁။ (၁) ဤနည်းဥပဒေများသည် **၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေး နည်းဥပဒေများ** ဟု ခေါ်ဆိုရမည်။

(၂) ဤနည်းဥပဒေသည် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစတင်၍အာဏာတည်ရမည်။

၂။ ၎င်းနည်းဥပဒေများနှင့်–

(က) 'အက်ဥပဒေ' ဆိုသည်မှာ နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေကိုဆိုလိုသည်။

(ခ) 'မှတ်ပုံတင်လက်မှတ်' ဆိုသည်မှာ နည်းဥပဒေ –၆ အရ ထုတ်ပေးထားသည့် နိုင်ငံခြားသား မှတ်ပုံ တင်လက်မှတ်ကို ဆိုလိုသည်။

(ဂ) 'ခရိုင်' ဆိုသည်မှာ အုပ်ချုပ်မှုစီရင်စုဒေသတစ်ခုခုကို ဆိုလိုသည်။အောက်ပါတို့ကိုလည်း ခရိုင်ဟူ၍ မှတ်ယူရမည် –

(၁) မြောက်ပိုင်း ရှမ်းပြည်နယ်များ၊

(၂) တောင်ပိုင်း ရှမ်းပြည်နယ်များ၊

(၃) (ကရင်နီနယ်) ကယားပြည်နယ်၊

(၄) မြောက်ပိုင်း ချင်းတောင်နယ်များ၊

(၅) တောင်ပိုင်း ချင်းတောင်နယ်များ၊

(၆) ဗန်းမော်ခရိုင်(ကချင်ပြည်နယ်)၊

(၇) မြစ်ကြီးနားခရိုင်(ကချင်ပြည်နယ်)၊

(ဃ) 'ပုံစံ' ဆိုသည်မှာ ဤနည်းဥပဒေများတွင် အကျုံးဝင်သည့် ပုံစံတစ်ခုခုကိုဆိုလိုသည်။

(င) 'ယာဉ်တာဝန်ခံအရာရှိ'ဆိုသည်မှာ လေကြောင်းအုပ်ချုပ်ရေး အပါအဝင်နှင့် ၎င်းသင်္ဘော တာဝန်ခံ အရာရှိ သို့မဟုတ် လေကြောင်းအရာရှိတို့က ဤနည်းဥပဒေများအရ ဆောင်ရွက်ရန် ၎င်းတို့ကိုယ်စား တာဝန်လွှဲအပ်ခြင်း ခံရသော သူတစ်ဦးတစ်ယောက် ကိုဆိုလိုသည်။

(စ) 'ခရီးသည်' ဆိုသည်မှာ သင်္ဘောသား သို့မဟုတ် လေယာဉ်သမားမဟုတ်သည့် ခရီးသွားမည့်သူ သို့မဟုတ် ခရီးသွားရန် ကြံရွယ်သူတစ်ဦးတစ်ယောက်ကို ဆိုလိုသည်။

(ဆ) 'မှတ်ပုံတင်လိပ်စာ' ဆိုသည်မှာ နည်းဥပဒေအပိုဒ် ၅ အရ တိုင်ကြားထားသည့် နိုင်ငံခြားသား တစ်ဦး တစ်ယောက်၏ မြန်မာပြည်ရှိလိပ်စာ(နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် အပိုဒ် ၁၈ တွင် ထည့်သွင်းထားသော)

(ဇ) 'မှတ်ပုံတင်အရာရှိ' ဆိုသည်မှာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကနည်းဥပဒေအပိုဒ် ၃ အရ ခန့်အပ် ထားသော မှတ်ပုံတင်အရာရှိကိုဆိုလိုသည်။

(ဈ) ‘နေထိုင်ရာအရပ်’ဆိုသည်မှာ မြန်မာပြည်ရှိ ရိုးရိုးနေထိုင်သည့် နေရာကိုဆိုလိုသည်။

(ည) ‘သင်္ဘောသား’ဆိုသည်မှာ သင်္ဘောတစ်ခုခုတွင် အလုပ်လုပ်သူကိုဆိုလိုသည်။

(ဋ) ‘ကမ္ဘာလှည့်ခရီးသည်’ဆိုသည်မှာ သုံးလထက်မများသော အချိန်သာ နေထိုင်သူကို ဆိုလိုသည်။

(ဌ) ‘ရေယာဉ်’ ဆိုရာတွင် လေယာဉ်ပါအကျုံးဝင်သည်။

၃။ နိုင်ငံတော်သမ္မတသည် လိုအပ်သည့် ဒေသများအတွက် မှတ်ပုံတင်အရာရှိကို ခန့်အပ်နိုင်သည်။

၄။ မြန်မာပြည်သို့လာရောက်သော မည်သည့်ခရီးသည်မဆို သင်္ဘောအရာရှိ သို့မဟုတ် ၎င်း၏ ကိုယ်စား လှယ်တစ်ဦးဦးက တောင်းဆိုသောအခါ ၎င်း၏အမည်၊ လူမျိုး၊ အသက်၊ ယောက်ျား၊ မိန်းမ၊ မွေးဖွားရာ အရပ်နှင့် မြန်မာပြည်တွင်နေမည့်နေရပ်၊ ၎င်းလာရောက်သည့်အကြောင်းအရာ နှင့် မည်မျှနေမည် စသည် တို့ကိုပေးရမည်။

၅။ (၁) မြန်မာပြည်သို့လာရောက်သည့် သို့မဟုတ် နေထိုင်သည့် နိုင်ငံခြားသားတိုင်း နည်းဥပဒေ ၆ အရ မှတ်ပုံ တင်ရမည်။

(၂) နိုင်ငံခြားသားများသည် ပုံစံ ‘က’ ရှိ အပိုဒ် ၂ မှ ၁၈ နှင့် ၁၉ မှ ၂၂ အထိ လိုအပ် သည့်အချက်အလက်များကို အမှန်အတိုင်းဖြည့်သွင်းရမည်။ ၎င်းအပြင် မိမိ၏ဓါတ်ပုံ သုံးပုံကိုပါ ပေးရ မည်။ အိမ်တွင်းပုန်းအမျိုးသမီးများအတွက် ဓါတ်ပုံပေးရန်မလို။

(၃) အပိုဒ်ငယ် (၂) အတွက် နိုင်ငံခြားသား တစ်ဦးတစ်ယောက်၏ မြန်မာပြည်ရှိ လိပ်စာမှာ–

(က) မိမိ၏နေအိမ်၊

(ခ) အိမ်မရှိလျှင် ပထမအကြောင်းကြားစဉ်က နေထိုင်နေသည့် နေရာ သို့မဟုတ် မြန်မာပြည် ရောက်သည့် အခါ နေရန်ရည်ရွယ်သည့် နေရာဖြစ်သည်။

၆။ (၁) အပိုဒ်ငယ် (၅) (၁)တွင် ရည်ညွှန်းထားသည့် အကြောင်းချက်အရ ဆောင်ရွက်ရမည်မှာ –

(က) ဤနည်းဥပဒေများကို စတင်ပြဋ္ဌာန်းသည့်နေ့တွင် မြန်မာပြည်၌ရှိနေသော နိုင်ငံခြားသားတစ်ဦးသည် ထိုနေ့မှစ၍ (၃၀၁) ရက်အတွင်း မိမိနေထိုင်သည့် သက်ဆိုင်ရာနယ်ရှိမှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ အကယ်၍အခြားဒေသတစ်ခုခုတွင် ရောက်ရှိနေပါက ရောက်ရှိရာအရပ်ရှိ မှတ်ပုံတင်အရာရှိထံအကြောင်း ကြားရမည်။

(ခ) သင်္ဘောဖြင့် မြန်မာပြည်သို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားတစ်ဦးသည် မှတ်ပုံတင်အရာရှိက သတ်မှတ်ပေးသည့် သင်္ဘောဆိပ် သို့မဟုတ် ရောက်ရှိသည့် နေရာတစ်ခုခုတွင် ၎င်းရောက်ရှိသည့် နေ့ရက်၊ အချိန်တို့ကို တိုင်ကြားရမည်။

(ဂ) ကုန်းလမ်းခရီးဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားသည်သက်ဆိုင်ရာ နိုင်ငံခြား သား မှတ်ပုံတင်အရာရှိထံ (၇၂) နာရီအတွင်းတိုင်ကြားရမည်။

(၂) မည်သည့်နိုင်ငံခြားသားမဆို တိုင်ကြားသည့်အခါတွင် မှတ်ပုံတင်အရာရှိ ကျေနပ်အောင် မိမိ တတ်နိုင်သမျှ အမှန်အကန်အကြောင်းအရာကို ပေးရမည်။ မှတ်ပုံတင်အရာရှိသည် ပုံစံ 'က'(၃) ခုကိုတိုင်ကြားသည့် နိုင်ငံခြားသားအတွက် ဖြည့်စွက်ရမည်။ ပုံစံတိုင်းတွင် ထိုသူ၏ဓါတ်ပုံတစ်ပုံစီ ကပ်၍ ၎င်း၏နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်များတွင် နိုင်ငံခြားသား၏ လက်မှတ် ရေးထိုးစေရမည်။ စာမတတ်သူဖြစ်ပါက လက်မပုံစံကို နှိပ်ထားရမည်။ နိုင်ငံခြားသားသည် အဆိုပါပုံစံ 'က'၏ တတိယ ပိုင်းကို မှတ်ပုံတင်အရာရှိထံမှရယူရမည်။

မြန်မာပြည်သို့ သင်္ဘောဖြင့် နိုင်ငံခြားသား တစ်ဦးဝင်လာသော နယ်ပယ်သည် မှတ်ပုံတင်အရာရှိ၏ အာဏာသက်ရောက်သည့် နယ်ပယ်အတွင်းမဟုတ်ခဲ့ပါက ၎င်းအား ယာယီမှတ်ပုံတင်လက်မှတ် ပုံစံ 'ခ' ကိုထုတ်ပေးရမည်။ အဆိုပါ နိုင်ငံခြားသားသည် ပုံစံ ' ခ' တွင်ဖော်ပြထားသည့်အတိုင်း လိုက်နာ ရမည်။

အကယ်၍ နိုင်ငံခြားသားတစ်ဦးတစ်ယောက်သည် မိမိ၏မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ မြန်မာပြည် သို့ ပြန်ဝင်လာသူဖြစ်၍ ၎င်းဝင်ရောက်လာကြောင်း ဝင်ရောက်သည့် နေ့မှ ရက်(၃၀) အတွင်း အကြောင်း ကြားပါက၎င်းအား ၎င်း၏မှတ်ပုံတင် လက်မှတ်အဟောင်းကိုပြန်လည် အတည်ပြု၍ပေးအပ်ရမည်၊ သို့မဟုတ် နည်းဥပဒေအပိုဒ် ၅ (၁) အရ ပြန်လည် မှတ်ပုံတင် စေရမည်။

(၃) အပိုဒ်ငယ်(၁) အပိုဒ်ခွဲ(က) အရ နိုင်ငံခြားသားတစ်ဦးသည် ၎င်းမှတ်ပုံတင်ထားသည့် နေရပ် မဟုတ်သည့် အခြားနေရာရှိမှတ်ပုံတင်အရာရှိတစ်ဦးဦးထံတွင် အကြောင်းကြားထားပါက ၎င်း၏ မှတ်ပုံတင်ရာနေရပ်သို့ မပြန်မချင်း နည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ အရ ထိုဒေသရှိ မှတ်ပုံတင် အရာရှိသည် မိမိ၏ မှတ်ပုံတင်ရာအရာရှိ ဟုမှတ်ယူရမည်။

(၄) မှတ်ပုံတင်အရာရှိက ကမ္ဘာလှည့်ခရီးသည်ဟု နည်းဥပဒေ ၇ (၁) အရ သတ်မှတ်ထားသည့် နိုင်ငံခြားသား တစ်ဦးတစ်ယောက်သည် ပုံစံ 'က'တွင် ပါရှိသည့် အပိုဒ် ၂၊ ၁၆၊ ၁၇၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၃ တို့သာ ဖြည့်သွင်းရမည်။ ဓါတ်ပုံပေးခြင်းမှလည်း လွတ်ငြိမ်းခွင့်ပြုသည်။

(၅) (က) အသက် ၁၈ နှစ်အောက်ရှိ ကလေးများ၏ အမည်ကို ၎င်းတို့မိဘ၏ မှတ်ပုံတင် လက်မှတ်များတွင် ထည့်သွင်းရမည်။ မိဘမရှိသူများအတွက် ၎င်းတို့အားအုပ်ထိန်း သူများ၏ မှတ်ပုံတင် လက်မှတ်တွင် ထည့်သွင်းရမည်။ ထို့ပြင် ၁၈ နှစ်အောက် နှင့် ၁၂ နှစ်အထက်ကလေးများကိုမူ ပုံစံ 'ကက' ထုတ်ပေးရမည်။ ၁၈ နှစ်ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း သီးခြားမှတ်ပုံတင် လက်မှတ် လျှောက်ထားရမည်။ အသက် ၁၂ နှစ် ပြည့်သည့်နေ့မှစ၍ ရက် (၃၀) အတွင်း "ကက" လျှောက်ထားရမည်။

(ခ) မိဘနှင့် အုပ်ထိန်းသူမရှိသည့် ၁၈ နှစ်အောက် ကလေးများကို မှတ်ပုံတင်လက်မှတ် အခမဲ့ ထုတ်ပေးရမည်။ သို့ရာတွင် အသက် ၁၈ နှစ်ပြည့်သည့်အခါ သတ်မှတ်ထားသည့်အခဖြင့် မှတ်ပုံတင် လက်မှတ်ပြုလုပ်ရမည်။

(၆) ၁၉၅၆ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မတိုင်မီ မှတ်ပုံတင်ထားသည့် နိုင်ငံခြားသားတိုင်းသည် ဤအပိုဒ်ငယ်အရ သတ်မှတ်ထားသည့်အတိုင်း မှတ်ပုံတင်သည်ဟု ယူဆ၍ အသက် ၁၈ နှစ်ပြည့်ပြီး သည့် နိုင်ငံခြားသားတိုင်းသည် ၁၉၅၆ ခု၊ အောက်တိုဘာလ ၁ ရက်နေ့၊ သို့မဟုတ် ၎င်းနေ့နောက် ပိုင်းတွင် ၎င်းတို့၏ နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်များကို လဲလှယ်ရမည်။ သို့မဟုတ် ၁၉၅၆ ခု၊ အောက်တိုဘာလ ၁ ရက်နေ့ နောက်ပိုင်းနေ့များတွင် ၎င်း၏ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံး ခဲ့လျှင် နည်းဥပဒေအပိုဒ်၇ အပိုဒ်ငယ်(၂) (က) (ခ) တို့အရ နှစ်စဉ် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လဲလှယ်ရမည်။

၇။ (၁) မှတ်ပုံတင်အရာရှိသည် မြန်မာပြည်သို့ဝင်လာသည့် နိုင်ငံခြားသားတစ်ဦးဦးသည် ကမ္ဘာလှည့်ခရီးသည် တစ်ဦးဟုယုံကြည်ကျေနပ်ပါက ၎င်း၏မှတ်ပုံတင် လက်မှတ်ပေါ်တွင် ကမ္ဘာလှည့်ခရီးသည်ဟု ရေးသားရမည်။ ၎င်း၏လက်မှတ်ကုန်သည့် နေ့မှာ ဗီဇာပေါ်တွင်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်ပေးသည့် လက်မှတ်ပေါ်တွင်လည်းကောင်း နေခွင့်ကုန်ဆုံးသည့်နေ့ရက်ဖြစ်ရမည်။

(၂) (က) နိုင်ငံခြားသားတစ်ဦးဦးအား ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် သည် မှတ်ပုံတင်သည့် နေ့မှစ၍ တစ်နှစ်တာသက်တမ်းရှိရမည်။

(ခ) နိုင်ငံခြားသားတိုင်းသည် ၎င်း၏ မှတ်ပုံတင်လက်မှတ်ကို နှစ်စဉ်လဲလှယ် ရမည်။ မှတ်ပုံတင် လက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း လဲလှယ်ရမည်။

(၃) ကမ္ဘာလှည့်ခရီးသည် တစ်ဦးတစ်ယောက်သည် ၎င်း၏ မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးသည့်အခါတွင် ကမ္ဘာလှည့်ခရီးသည်ဟု သတ်မှတ်ခြင်း မှရပ်စဲသည်။

၈။ (၁) မြန်မာပြည်သို့ဝင်ရောက်လာသည့် နိုင်ငံခြားသားတိုင်းသည် မှတ်ပုံတင်အရာရှိက တောင်းဆိုသည့်အခါ ၎င်း၏ နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြားသက်သေခံ စာရွက်စာတမ်းများကို ပေးအပ်၍ ၎င်းနိုင်ငံကူး လက်မှတ်နှင့် အခြားသက်သေခံ စာရွက်များကို ပြန်ယူရန် မှတ်ပုံတင်အရာရှိက ချိန်းဆိုသည့် နေရာသို့သွားရမည်။

(၂) နည်းဥပဒေအပိုဒ်ငယ်(ခ) အရ နိုင်ငံကူးလက်မှတ်နှင့်အခြား သက်သေခံစာရွက် စာတမ်းများကို ပေးအပ်သည့်အခါ နိုင်ငံခြားသားတစ်ဦးဦးသည် မှတ်ပုံတင်အရာရှိ ထံမှ ရရှိကြောင်းဖြတ်ပိုင်းကို ရယူထားခွင့် ရှိသည်။

၉။ မှတ်ပုံတင်အရာရှိ၊ တရားသူကြီး သို့မဟုတ် ရဲအရာရှိ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဌာနမှ လက်ထောက်မှူးထက် ရာထူးမငယ်သူ တစ်ဦးဦးက မှတ်ပုံတင် လက်မှတ်ကို စစ်ဆေးရန် တောင်းဆိုသောအခါ နိုင်ငံခြားသားတိုင်းသည် တောင်းဆို သည့်(၂၄) နာရီအတွင်း ပေးအပ်ရမည်။ အဆိုပါ အရာရှိ တို့သည် ၎င်းနိုင်ငံခြားသားက အကြောင်းလုံလောက်စွာပြခဲ့လျှင် (၂၄)နာရီ ထက်ပို၍ မှတ်ပုံတင် လက်မှတ် ပေးနိုင်သည့် အချိန်ကို သတ်မှတ်ပေးနိုင်သည်။

၁၀။ (၁) အကယ်၍ နိုင်ငံခြားသားတစ်ဦးသည် ၎င်း၏မှတ်ပုံတင်ထားသည့် နေရပ်မှ တစ်လမျှ တစ်ဆက်တည်း မနေထိုင်ခဲ့ပါမူ ၎င်းယာယီရောက်ရှိနေသည့် နေရပ်ရှိ နိုင်ငံခြားသား မှတ်ပုံတင် အရာရှိထံတွင် ၎င်း၏ယာယီလိပ်စာကိုတိုင်ကြားရမည်။ ၎င်းအပြင်နောက်ထပ် ပြောင်းရွှေ့နေထိုင်သော နေရပ်လိပ်စာ အသီးသီးတို့ကို လည်းမိမိ ယာယီနေထိုင်နေသည့် နေရပ်အသီးသီးရှိသော သက်ဆိုင်ရာမှတ်ပုံတင် အရာရှိကို တိုင်ကြားရမည့်အပြင် ၎င်း၏ မှတ်ပုံတင်ထားသည့် နေရပ်ကိုပြန်သည့် အခါတွင် နေရပ်ရှိ ခရိုင်မှတ်ပုံတင်အရာရှိထံ လည်းအကြောင်းကြားရမည်။

(၂) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ နိုင်ငံခြားသား တစ်ဦးဦးအား နေရပ်လိပ်စာ ပြောင်းပါက (၂၄) နာရီအတွင်း လိပ်စာအသစ်ကို ပေးရန် စာဖြင့်ညွှန်ကြားရမည်။ ၎င်းပြင် စာဖြင့် တိုင်ကြားစေရမည်။

၁၁။ (၁) နိုင်ငံခြားသားတိုင်းသည် မြန်မာပြည်အတွင်း နေရပ်လိပ်စာပြောင်းပါက လိပ်စာ အသစ်နေရာသို့ ရောက်ရှိပြီး (၇၂) နာရီအတွင်း လိပ်စာအသစ်ရှိရာ မှတ်ပုံတင် အရာရှိထံစာဖြင့်အကြောင်းကြားရမည်။

(၂) နိုင်ငံခြားသားတစ်ဦးသည် အောက်ပါအတိုင်းပြုလုပ်လျှင် လိပ်စာပြောင်းလဲ သည်ဟုမှတ်ယူရမည်။

(က) မြန်မာပြည်တွင်းတစ်နေရာမှ တစ်နေရာသို့ပြောင်းလျှင် သော်လည်း ကောင်း၊

(ခ) အိမ်မရှိသဖြင့် မှတ်ပုံတင်လိပ်စာမှ ပြောင်းရွှေ့ပြီး (၆) လအတွင်းပြန် မရောက်နိုင် ဟုယူဆသည့်အခါ ၎င်း၏ မှတ်ပုံတင်လိပ်စာကိုပြောင်းရမည်။

၁၂။ နည်းဥပဒေ ၁၀ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်မှုမရှိစေဘဲ မှတ်ပုံတင် လက်မှတ်ရှိ အခြားအချက်အလက်များကို တစ်နည်းနည်းဖြင့် ပြောင်းလဲရန်အကြောင်း ပေါ်ပေါက်လာခဲ့သော် (၁၄) ရက်အတွင်း မှတ်ပုံတင် အရာရှိထံစာဖြင့် အကြောင်းကြား ရမည်။

၁၃။ ကမ္ဘာလှည့်ခရီးသည်သည် ၎င်း၏ မှတ်ပုံတင်လက်မှတ်သက် တမ်းမကုန်ဆုံး သမျှနည်းဥပဒေ ၁၁(၂) အရ ယာယီနေရပ်လိပ်စာကို(၂၄) နာရီကျော်မျှ ပြောင်းလဲမှု ရှိလျှင်တိုင်ကြားရမည်။

၁၄။ (၁) ဟိုတယ်ပိုင်ရှင်တိုင်းသည် ၎င်းဟိုတယ်သို့ လာရောက်သည့် ဧည့်သည်စာရင်းကို မှန်ကန် စွာမှတ်ယူထားရမည်။ သို့မဟုတ် လိုအပ်သော အချက်အလက်များကို မှတ်သားထား

ရမည်။ ၎င်းဟိုတယ် သို့ရောက်သည့်အခါ ဧည့်သည်၏အမည် ၊ လူမျိုး စာရင်းပြုလုပ်ထားရမည်။ အကယ်၍ ဧည့်သည်သည် နိုင်ငံခြားသားတစ်ဦးဖြစ်ခဲ့လျှင်

(က) ၎င်း(ဟိုတယ်သို့ လာရောက်သည့်အခါ) ပုံစံ 'ဂ'တွင်ပါရှိသည့်အချက်အလက်များကို ဖြည့်သွင်း ခိုင်းရမည်။

(ခ) (၎င်းထွက်ခွာသွားသည့်အခါ) အဆိုပါစာရင်းတွင် ထွက်ခွာသည့်အချိန်၊ နေ့စွဲနှင့် မည်သည့်ဒေသသို့ ထွက်ခွာသွားမည်ကိုပါ မှတ်သားရမည်။

(၂) နည်းဥပဒေအပိုဒ်ငယ်(၁)အရ သတ်မှတ်ထားသည့် စာရင်းကိုမှတ်ပုံတင်အရာရှိ၊ တရားသူကြီး သို့မဟုတ် ရဲအရာရှိ သို့မဟုတ် လူဝင်လူထွက်ရုံးမှ လက်ထောက်အင်စပက်တော် အဆင့်အတန်းထက် မနိမ့်သူတို့က တောင်းဆိုသည့်အခါပြရမည်။

(၃) နည်းဥပဒေအပိုဒ်ငယ် (၁)အရ ပြုလုပ်ထားသည့် စာရင်းတွင်ဟိုတယ်ပိုင်ရှင်က ၎င်းဟိုတယ်သို့ လာရောက်သည့် ဧည့်သည်အားလိုအပ်သော အချက်အလက်များ ဖြည့်စေသည့်အခါ ဧည့်သည် သည်၎င်း၏ အမည်၊ အမျိုး အနွယ်တို့ကို ရေးထိုးရမည်။ အဆိုပါ ဧည့်သည်သည် နိုင်ငံခြားသား ဖြစ်ပါက-

(က) ပုံစံ 'ဂ' တွင်ပါရှိသည့် အချက်အလက်များကို ဟိုတယ်သို့ရောက်ရှိသည့်အခါဖြည့်ရမည်။

(ခ) အဆိုပါ စာရင်းတွင် ၎င်းထွက်ခွာသည့်အခါ ထွက်ခွာသည့် အချိန်၊ နေ့စွဲနှင့် မည်သည့်ဒေသသို့ ထွက်ခွာသွားမည်ကိုပါ မှတ်သားရမည်။

(၄) ဟိုတယ်ပိုင်ရှင်၏ လက်မှတ် သို့မဟုတ် ဧည့်သည်၏ လက်မှတ်မှ တပါး၊ ဤနည်းဥပဒေအရ လိုအပ်သော ပုံစံ 'ဂ' ပါအခြားအချက်အလက်များကိုအင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာဖြင့် မှတ်သားရမည်။

(၅) အကယ်၍ ဧည့်သည်သည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ ကိုမတတ်ပါက ဟိုတယ်ပိုင်ရှင်သည် ပုံစံ 'ဂ' ပါအချက်အလက်များကို ဧည့်သည်အားရှင်းပြရမည်။

(၆) ဟိုတယ်ပိုင်ရှင်သည် ပုံစံ 'ဂ' တစ်ခုကို (၂၄) နာရီထက် နောက်မကျစေဘဲ မြန်နိုင်သမျှမြန်အောင် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(၇) ၎င်းစည်းကမ်းဥပဒေအတွက် -

(က) 'ဟိုတယ်'ဆိုသည်မှာ တည်းခိုသောအိမ်၊ ကစားခုံစားအသင်း၊ ခေတ္တတည်းခိုရာအိမ် စသည့် သဘောပါဝင်သည့် အဆောက်အအုံကို ဆိုလိုသည်။

(ခ) 'ဟိုတယ်ပိုင်ရှင်'မှာဟိုတယ်ကိုတည်ထောင်သူ သို့မဟုတ် ၎င်းကခန့်အပ်ထားသူနှင့် ၎င်းစည်းကမ်း အရ ဟိုတယ် ၏ ဝတ္တရားကိုဆောင်ရွက်သူကိုဆိုလိုသည်။

(ဂ) 'လက်မှတ်'ဆိုရာ၌ လက်မှတ်မရေးထိုးတတ်ပါက လက်မပုံစံကိုဆိုလိုသည်။

(ဃ) 'ဧည့်သည်'ဆိုရာ၌ ဟိုတယ်တွင် နေရာတစ်ခုခု ပေးရသူကိုဆိုလိုသည်။

(၈) ပုံစံ ‘ဂ’ ကိုမှတ်ပုံတင်အရာရှိထံမှ လျှောက်ထားတောင်းယူနိုင်သည်။

၁၅။ (၁) မြန်မာပြည်မှ ထွက်ခွာမည့် နိုင်ငံခြားသားတိုင်းသည် မိမိထွက်ခွာမည့်ဒေသရှိ မှတ်ပုံတင်အရာရှိထံတွင် ၎င်း၏မှတ်ပုံတင်လက်မှတ်ကို ပြန်လည်ပေးအပ်ရမည်။ ၎င်းမှတ်ပုံတင်အရာရှိသည် ၎င်းလက်မှတ်ပေါ်တွင် ပြန်လည်ပေးအပ်ကြောင်းတံဆိပ်နှိပ်၍ လက်မှတ်ထိုးထားရမည်။ ၎င်းလက်မှတ် ကို မှတ်ပုံတင်အရာရှိက သိမ်းဆည်း၍ နိုင်ငံခြားသားအား မှတ်ပုံတင်လက်မှတ် ပေးအပ်ပြီးကြောင်း ဖော်ပြသည့် ယာယီလက်မှတ် တစ်ခုကို ထုတ်ပေးရမည်။ ၎င်းလက်မှတ်သည် မည်သည့်နေ့ရက်အထိသာ သက်တမ်းရှိကြောင်း ဖော်ပြရမည်။ အကယ်၍ နိုင်ငံခြားသားတစ်ဦးသည် ၎င်း၏ယာယီပေးထားသည့် လက်မှတ်၏ သက်တမ်းအတွင်းမြန်မာပြည်မှ ထွက်ခွာခြင်းမပြုပါက မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် သက်တမ်းအချိန်တိုး ပေးနိုင်သည်။ ယာယီလက်မှတ်သက်တမ်းမှာ နေခွင့်လက်မှတ် သက်တမ်းထက် မကျော်လွန်စေရ။

(၂) ၎င်းယာယီလက်မှတ်သည် ရက်ပေါင်း(၃၀)ထက်မပိုစေရ။ အကယ်၍ နိုင်ငံခြားသားတစ်ဦးသည် မြန်မာပြည်မှ အဆိုပါ ယာယီလက်မှတ်သက်တမ်းအတွင်း ထွက်ခွာသွားခြင်းမပြုပါက ယာယီလက်မှတ် သက်တမ်းကုန်ဆုံးပြီး (၇၂) နာရီအကြာတွင် အဆိုပါလက်မှတ်ကိုထုတ်ပေးသည့် အရာရှိထံ ပြန်အပ်၍ ၎င်း၏ထွက်ခွာခြင်းမပြုကြောင်း အကြောင်းကြားပြီး ၎င်း၏ မှတ်ပုံတင် လက်မှတ်ဟောင်းကို ပြန်လည် ရယူရမည်။

(၃) ယာယီလက်မှတ်သည် ထုတ်ပေးသည့်ဒေသအတွက်သာ မှတ်ပုံတင်လက်မှတ်သဘော သက်ဝင်ရမည်။ ၎င်း၏ သက်တမ်းမှာခွင့်ပြုထားသည့်အချိန် သို့မဟုတ် ထွက်ခွာသွားမည့်အချိန်အထိသာ ဖြစ်ရမည်။

(၄) ယာယီလက်မှတ်ကို –

(က) မြန်မာပြည်မှ ရေယာဉ်ဖြင့် ထွက်ခွာသွားလျှင် ရေယာဉ်မှူးထံသို့လည်းကောင်း၊

(ခ) ကုန်းလမ်းခရီးဖြင့် ထွက်ခွာလျှင် မြန်မာပြည်မှ နောက်ဆုံးထွက်မည့်နေရာရှိ ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးကင်း စခန်းသို့လည်းကောင်း ပေးအပ်ရမည်။

(၅) အဆိုပါ စည်းကမ်းဥပဒေအတွက် မင်္ဂလာဒုံလေဆိပ်သည် ရန်ကုန်နှင့် အင်းစိန်နယ်အတွင်း သက်ရောက်သည်ဟု ယူဆရမည်။

(၆) ပယ်ဖျက်

<ပြင်ဆင် 16.09.2013>

၁၆။ (၁) မြန်မာပြည်တစ်နေရာရာသို့ ရောက်ရှိသည့်အခါ သို့မဟုတ် ထွက်ခွာသည့်အခါ ရေယာဉ်မှူးသည် အောက်ပါ အတိုင်းဆောင်ရွက်ရမည် –

(က) ဆင်းသည့်ခရီးသည် စာရင်း၊ တက်သည့်ခရီးသည်စာရင်း မှတ်ပုံတင်အရာရှိကိုပုံစံ 'င' နှင့် ပုံစံ'စ' အသီးသီးပေးအပ်ရမည်။

(ခ) ဤကဲ့သို့ပေးအပ်နိုင်ရန်အတွက် ခရီးသည်များထံမှလိုအပ်သည့် အကြောင်းအရာများတောင်းယူ ရမည်။

(ဂ) မြန်မာပြည်မှထွက်ခွာမည့်နိုင်ငံခြားသား ခရီးသည်ထံမှမှတ်ပုံတင်လက်မှတ်ကို တောင်းယူ၍ ၎င်း လက်မှတ်နှင့် ပုံစံ 'စ' ကိုမှတ်ပုံတင်အရာရှိထံ ပေးအပ်ရမည်။

(ဃ) သင်္ဘောတွင်ပါရှိသော သင်္ဘောသားတို့၏အမည်၊ အမျိုးအနွယ်ဖော်ပြထားသည် စာရွက်စာတမ်း များကို နိုင်ငံခြားသားမှတ်ပုံတင်အရာရှိထံပေးအပ်ရမည်။

(င) နိုင်ငံခြားသားမှတ်ပုံတင်အရာရှိအား ဝတ္တရားဆောင်ရွက်ရာ၌အကူအညီပေးရမည်။

(၂) ပုံစံ 'က' ကိုမြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာ ဖြင့်ဖြည့်သွင်းရေးသားရမည်။

(၃) အင်္ဂလိပ်နှင့်မြန်မာဘာသာကို မတတ်သည့်ခရီးသည်အတွက် ရေယာဉ်မှူးက ကူညီဖြည့်စွက်ပေး ရမည်။

(၄) ရေယာဉ်အုပ်ချုပ်သည့်အရာရှိသည် အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က) ပယ်ဖျက်

(ခ) ဖြည့်သွင်းပြီးသည့် ပုံစံ 'စ' တို့ကို ထွက်ခွာမည့်ဆိပ်ကမ်းရှိ မှတ်ပုံတင်အရာရှိထံ ပေးရမည်။

(ဂ) အထက်တွင်ဖော်ပြသည့်အတိုင်း မှတ်ပုံတင်အရာရှိထံလိုအပ်သည့် စည်းကမ်းများ အတိုင်း လိုက်နာ ပြီး မပြီးစစ်ဆေးပြီးမှသာ နိုင်ငံခြားသားများ ကိုထွက်ခွာစေရမည်။

(၅) ပုံစံ င နှင့် စ တို့ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြည့်သွင်းစေရမည်။
<ပြင်ဆင် 16.09.2013>

၁၇။ (၁) ပဏာမမှတ်ပုံတင်လက်မှတ်ပြုလုပ်ခြင်းနှင့် နှစ်စဉ်မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းတို့အတွက် ကျပ် ၅၀/– ပေးဆောင်ရမည်။

(၂) (က) မှတ်ပုံတင်လက်မှတ်တစ်ခုခု ပျောက်ဆုံးသွားသည်ဖြစ်စေ၊ ပျက်စီးသွားသည်ဖြစ်စေ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ(၇၂)နာရီအတွင်း အကြောင်းကြားရမည်။ အကြောင်းကြားခြင်းခံရ သည့် မှတ်ပုံတင်အရာရှိသည် ပျောက်ဆုံးကြောင်းနှင့် ပျက်စီးကြောင်းယုံကြည်ပါက ၎င်းနိုင်ငံခြားသား အား မှတ်ပုံတင်လက်မှတ်မိတ္တူ ထုတ်မပေးမီ ယာယီလက်မှတ်တစ်ခု ထုတ်ပေးရမည်။

(ခ) နိုင်ငံခြားသားသည် နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်ပျောက်ဆုံးသည်ဖြစ်စေ၊ ပျက်စီးသည်ဖြစ်စေ (၇၂) နာရီ အတွင်း စာဖြင့်ရေးသားတိုင်ကြားပြီး ၎င်း၏

နိုင်ငံကူးလက်မှတ် အရွယ်ဓါတ်ပုံ (၃) ပုံ ပေးရမည်။ အခြားဒေသတစ် ခုခုတွင် ဖြစ်ပေါ်ပါက ၎င်း၏နေရပ်ဟောင်းမှ တစ်ဆင့်တင်ပြရမည်။

(ဂ) ပျောက်ဆုံး၍ဖြစ်စေ၊ ပျက်စီး၍ဖြစ်စေ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် မိတ္တူထုတ်ယူပါက ကျပ် ၅၀/-ပေးရမည်။

(ဃ) နည်းဥပဒေ ၆ အရ သက်တမ်းပြန်လည်အတည်ပြုပါက ကျပ် ၃၀/-ပေးရမည်။

(င) စုတ်ပြတ်ဟောင်းနွမ်းသော နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်အတွက် မိတ္တူ ထုတ်ယူပါက ကျပ် ၁၀/-ပေးရမည်။

၁၈။ (၁) မည်သူမျှ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်၊ ရေးထိုးမြဲလက်မှတ်၊ ဓါတ်ပုံ၊ ရုံးတံဆိပ် စသည်တို့ကို ပြောင်းလဲပြင် ဆင်ခြင်းမပြုရ။

(၂) လူတစ်ဦးတစ်ယောက်တွင် မှတ်ပုံတင်လက်မှတ် တစ်ခုထက်ပို၍ကိုင်ဆောင်ခြင်းမပြုရ။

(၃) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူ၏ကိုယ်စား၊ မတရားသောနည်းလမ်းဖြင့် ကိုင်ဆောင်ခြင်း၊ လိမ် လည်ခြင်း မပြုလုပ်ရ။

(၄) မိမိ၏မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးတစ်ယောက်အားကိုင်ဆောင်စေခြင်း မပြုရ။

(၅) နည်းဥပဒေပါ အချက်အလက်များကို လိမ်လည်ထွက်ဆိုခြင်းမပြုရ။

(၆) နည်းဥပဒေအရပေးအပ်ထားသော တာဝန်ဝတ္တရားများကို ဆောင်ရွက်နေစဉ် နှောင့်နှေး ကြန့် ကြာအောင် မပြုလုပ်ရ။

----- **Footnote** -----

[ပင်ရင်း- လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သော ဝန်ကြီးဌာနဆိုင်ရာ အက်ဥပဒေနှင့်နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]